STATE SCHOOLS' RELIEF

ပြည်နယ်ကျောင်းများ သက်သာရေး (SSR) သည် ဗစ်တိုးရီးယားပြည်နယ်အစိုးရ နှင့်အတူ ၂၀၂၄နှင့် ၂၀၂၇ခုနှစ်အကြား ကလေးများအတွက်မျက်မှန် (GFK) အစီအစဉ်ကို ထပ်မံ ပေးအပ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာအပ်ပါသည်။ GFK သည် ရနိုင်ခွင့်ရှိသောကျောင်းသားများကို ၎င်းတို့ ငယ်စဉ်အချိန် ပညာအပြည့်အဝသင်ယူရေးတွင် ပံ့ပိုးပေးနိုင်ရန် ပညာရေးဆိုင်ရာ သင်ကြားရေးတွင် အတားအဆီးတစ်ခုဖြစ်နိုင်သော အမြင်အာရုံ ချို့တဲ့မှုကို ဖယ်ရှားရန် ရည်ရွယ်ပါသည်။ GFK သည် မူလတန်းနှင့် အထူးပြုကျောင်း ၇၇၀ကျောင်းများသို့ သွားရောက်ရန် ရည်မှန်းထားပြီး ဤအစီအစဉ်အတွင်း ကနဦးအမြင်အာရုံစစ်ဆေးမှုအတွက် အကြိုတန်း-သုံးတန်းကျောင်းသား ၁၀၈,၀၀၀ ယောက်အား ပြုလုပ်ပေးပါမည်။ လိုအပ်ပါက အသေးစိတ်မျက်စိစမ်းသပ်ခြင်းနှင့် မျက်မှန်များကို ပါဝင်မည့် ကျောင်းသားများအား အခကြေးငွေမယူဘဲ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ကျူအာရ်ကုဒ်ကို စကန်ဖတ်၍ ကလေးများ အတွက်မျက်မှန် ဗွီဒီယိုကို ဒီနေရာမှာ ကြည့်ပါ**




## ပိုသိရဖို့အတွက် ဒီနေ့ပဲ ကျွန်မတို့ကို ဆက်သွယ်ပါ

info@glassesforkids.com.au
**www.glassesforkids.com.au**

**State Schools' Relief**
PO BOX 4525
Dandenong South VIC 3164

STATE SCHOOLS' RELIEF

VICTORIA State Government | Department of Education

# GLASSES FOR KIDS

## မိသားစုများအတွက် သတင်းအချက်အလက်



### ကလေးများအတွက်မျက်မှန်အစီအစဉ်က ဘယ်လိုလုပ်မှာလဲ။

- GFKသည် အရည်အချင်းမှီ မျက်မှန်ကျွမ်းကျင်သူများနှင့် သင့်ကျောင်းသို့သွားရောက်ကာ သင့်ကလေးအား ကနဦးအမြင်အာရုံစစ်ဆေးခြင်းကို လုပ်ပေးမည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံစမ်းသပ်ခြင်းနှင့် မျက်မှန်များကို အခကြေးငွေမယူဘဲ ပူးပေါင်းဆောင်ရွက်ပါသည်။
- ကျောင်းချိန်အတွင်း စစ်ဆေးမှုနှင့် စမ်းသပ်မှုအပိုင်းများအားလုံး ပြီးစီးပါမည်။

### မိမိကလေးသည် ဤအစီအစဉ်တွင် မည်သို့ပါဝင်နိုင်ပါသလဲ။

- ကျေးဇူးပြု၍ ခွင့်ပြုချက်ပေးကြောင်းပုံစံနှင့် မျက်စိကျွမ်းကျင်သူမေးခွန်းများကို သတ်မှတ်ရက်မတိုင်မီ သင့်ကျောင်းသို့ ပြန်လည်ပေးပို့ပါ။

### မိမိကလေးအတွက် အဖြေတွေ ကို ဘယ်လိုရနိုင်မလဲ။

- သင့်ကလေးသည် ၎င်းတို့၏ အမြင်အာရုံ စစ်ဆေးမှု၏အဖြေအကြောင်းစာကို အိမ်သို့ပြရန် လက်ခံရရှိပါမည်။

### မိမိကလေး မျက်မှန်လိုရင် ဘယ်လိုလုပ်မလဲ။

- သင့်ကလေးအတွက် မျက်မှန်ကို မျက်စိကျွမ်းကျင်သူက ညွှန်ကြားပါက၊ GFK သည် ကလေးများကို သင့်အတွက် ကုန်ကျစရိတ်မရှိဘဲ ပြုလုပ်ပေးမည်ဖြစ်ပါသည်။
- သင့်ကလေးသည် ၎င်းတို့၏မျက်မှန်ကို ရွေးချယ်နိုင်ပြီး ထိုနေ့တွင် စမ်းသပ်တပ်ဆင်ပေးပါမည်။
- သင့်ကလေးအား မျက်မှန်တပ်ထားသည့်အကြောင်းကို သင့်ကို ရှင်းလင်းဖော်ပြထားသည့် စာတစ်စောင် ပေးပါမည်။

### ဘယ်သူတွေ ပါဝင်နိုင်မလဲ။

- မူလတန်းကျောင်းများ- အကြိုတန်း – သုံးတန်းကျောင်းသား။
- အထူးပြုကျောင်းများ- အသက် ၅ နှစ်မှ ၁၀ နှစ်အရွယ် ကျောင်းသား၊

### မျက်မှန်တပ်ထားသော ကလေးများ GFKတွင် ပါဝင်နိုင်ပါသလား။

- ဟုတ်ပါသည်။ ပါနိုင်ပါသည်။ ၎င်းတို့၏မျက်မှန်သည် ၁၂လ မကြာသေးက တပ်ထားပါက၊ ဖြစ်နိုင်လျှင် ၎င်းတို့၏ နောက်ဆုံးဆေးစာမိတ္တူကို ပေးပါ။
- အကယ်၍ သင့်ကလေးသည် အခြား မျက်စိကျွမ်းကျင်သူ၏ စောင့်ရှောက်မှုအောက်တွင် ရှိနေပါက၊ ကျေးဇူးပြု၍ သက်ဆိုင်ရာ မျက်စိကျွမ်းကျင်သူမေးခွန်းများတွင် မည်သည့် အချက်အလက်ကိုမဆို မျှဝေပါ။

### ကလေးတစ်ဦးစီအတွက် သီးခြားပုံစံများ ပြန်ပေးရမှာလား။

- ဟုတ်ပါသည်၊ ကျောင်းသားတိုင်းတွင် လက်မှတ်ရေးထိုးထားသော ခွင့်ပြုချက်ပေးကြောင်းပုံစံ နှင့် မျက်စိကျွမ်းကျင်သူမေးခွန်းများ ပေးရပါမည်။

### မိမိ မယ်ဒီကဲအသေးစိတ်အချက်အလက်များကို ပေးရမလား။

- ဟုတ်ပါသည်၊ လာစစ်သည့် နေ့တွင် လိုအပ်နိုင်သည့် မည်သည့်စစ်ဆေးမှုမဆို မယ်ဒီကဲမှတစ်ဆင့် တောင်းခံမည် ဖြစ်ပါသည်။
- သို့သော် သင့်ကလေးတွင် မယ်ဒီကဲကတ် မရှိသော်လည်း၊ ၎င်းတို့သည် အစီအစဉ်တွင် ပါဝင်နိုင်ပါသေးသည်။

### မျက်မှန် ပျက်သွားလျှင် ဘာဖြစ်မလဲ။

- GFK သည် (၁) ကြိမ် အစားထိုးပေးမည်ဖြစ်ပြီး ပထမ မျက်မှန်ရပြီး ၁၂ လ အတွင်းဖြစ်မှသာ အစားထိုး ရနိုင်ပါမည် ဖြစ်ပါသည်။
- အစားထိုးမျက်မှန်များ ပျက်စီးသွားပါက သို့မဟုတ် ပျောက်ဆုံးပါက၊ မိသားစုများနှင့်/သို့မဟုတ် ကျောင်းများသည် SSR မှ နောက်ထပ်တစ်လက်ကို ဝယ်ယူနိုင်ပါသည်။

# ကလေးများအတွက်မျက်မှန် အစီအစဉ်တွင် ပါဝင်ရန် လွယ်ကူသော အဆင့် ၄ ဆင့်…

၁ မိသားစုများအတွက် သတင်းလက်ကမ်းစာစောင်ကို ဖတ်ပါ။

၂ ခွင့်ပြုချက်ပေးကြောင်းပုံစံနှင့် မျက်စိကျွမ်းကျင်သူမေးခွန်းများကို ဖြည့်ပါ။

၃ ပုံစံနှစ်မျိုးလုံးကို ကျောင်းသို့ ပြန်ပေးပါ။

၄ စစ်ဆေးမည့်နေ့တွင် သင့်ကလေး ကျောင်းတက်ကြောင်း သေချာပါစေ။

